# ကိုရိုနာဗိုင်းရပ်ကြောင့် စနစ် ပျက်ပြားခြင်း

Marc Saxer ရေးသည်။

IPS, ၂၃-၃-၂၀၂၀ခုနှစ်

FRIEDRICH
EBERT
STIFTUNG

# ကိုရိုနာဗိုင်းရပ်ကြောင့် စနစ် ပျက်ပြားခြင်း

ကိုရိုနာအကြပ်အတည်းကြောင့် နိုင်ငံရေး စီးပွားရေး လူမှုရေးစနစ်များ အထိနာလျက် ရှိပါသည်။ ယခင်အခြေအနေအတိုင်း ရှေ့ဆက်နိုင်တော့မည် မဟုတ်ပါ။

ကပ်ရောဂါ မည်မျှကြာရှည်မည်၊ ကူးစက်သူအရေအတွက် မည်မျှရှိမည်၊ သေဆုံးသူမည်မျှရှိမည်တို့ကို မည်သူမျှ မသိပါ။ သို့သော် ကပ်ရောဂါ၏ စီးပွားရေးနိုင်ငံရေးအကျိုးဆက်များကို ယခုပင် တွေ့မြင်နေရပြီ ဖြစ်ပါသည်။ ကပ်ရောဂါ ထိန်းချုပ်ရေး အစီအမံများကြောင့် ကမ္ဘာတစ်ဝန်း အများပြည်သူ ဘဝနေထိုင်မှု ကစဉ့်ကလျား ဖြစ်နေပါသည်။

တရုတ်နိုင်ငံမှစတင်၍ တစ်နိုင်ငံပြီး တစ်နိုင်ငံ ကုန်ထုတ်လုပ်မှု ရပ်တန့်သွားပြီး ကမ္ဘာ့ ကုန်ပစ္စည်း ပေးပို့ရေး လမ်းကြောင်းအဆင့်ဆင့်မှာ ကွင်းဆက်များ ပြတ်တောက်လျက်ရှိပါသည်။ လုပ်ငန်းစုအများအပြားမှာ ငွေကို နောက်ဆုံး ကျန်သည့် တစ်ကျပ်တစ်ပြားအထိ ချင့်ချိန်နေရပြီး များမကြာမီ ဒေဝါလီခံရမှုများမှာ လှိုင်းလုံးကြီး သဖွယ် ဖြစ်ပွားလာတော့မည်ကို လွယ်လင့်တကူ ခန့်မှန်းသိရှိနိုင်ပါသည်။ လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အထိတ်တလန့် ပစ္စည်းဝယ်ယူ စုဆောင်းမှုများကို မီဒီယာများတွင် သတင်းဖော်ပြလျက် ရှိပါသည်။ စားသုံးသူများ ရတက်မအေး ဖြစ်နေချိန်တွင် တန်ဖိုးကြီး ပစ္စည်းများ ရောင်းမထွက်တော့ဘဲ ဖြစ်တတ် ပါသည်။ ပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်လာပြီး စားသုံးမှုပမာဏလည်း လျော့နည်းကျဆင်းပါသည်။ ရုတ်ခြည်း အပြောင်းအလဲကြီးများကြောင့် ဥရောပနိုင်ငံများ၏ ယခင်ကပင် အလွန်နှေးကွေးနေသော စီးပွားရေးများမှာ ဆုပ်ကပ်အတွင်း သက်ဆင်း ကျရောက်ရဖွယ်ရာ ရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကပ်ရောဂါ၏ သက်ရောက်မှုများမှာ အစပျိုးအဆင့်တွင်ပင် ရှိသေးသော်လည်း စီးပွားရေး ထိခိုက်မှု အလွန်များပြားနေပြီဖြစ်ပါသည်။ ပါကစ္စတန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် နယ်မြေဒေသအလိုက် အဝင်အထွက်တားမြစ်လော့ဒေါင်းချခြင်း မူဝါဒများကြောင့် အလုပ်သမားများ သန်းဂဏန်းဖြင့် အလုပ်မရှိတော့ဘဲ ဆက်လက်အသက်ရှင်နိုင်ရန် နေရင်း ကျေးရွာများနှင့် မူလနိုင်ငံများသို့ ပြန်ကြရပါသည်။ ထိုအခါ အဝေးလံဆုံးနှင့် အဆင်းရဲဆုံး နယ်မြေဒေသများသို့ပင် ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်နှံ့မည့် အန္တရာယ် တိုးပွားလာပါသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာတစ်ဝန်း စားသုံးကုန်များ ဝယ်လိုအားကျဆင်းခြင်းကြောင့် ကမ္ဘာ့အဆင့် အမှတ်တံဆိပ်များဖြင့် ကုန်ပစ္စည်းများ ထုတ်လုပ်နေသောလုပ်ငန်းကြီးများပင် အမှာစာများကို ပယ်ဖျက်နေကြပါသည်။ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယကဲ့သို့သော အထည်အလိပ်လုပ်ငန်းများပြားသော နိုင်ငံများကို လွန်စွာ ထိခိုက်လျက် ရှိပါသည်။ နယ်မြေဒေသအလိုက် အသွားအလာ ကန့်သတ်ချက်များနှင့် တရုတ်နိုင်ငံရှိ အဓိက ဆိပ်ကမ်းများနှင့် ထောက်ပံ့ပို့ဆောင်ရေး ကွန်ရက်များ ယာယီရပ်ဆိုင်းထားမှုကြောင့် ကမ္ဘာ တစ်ဝန်း ပစ္စည်းပေးပို့သည့် လမ်းကြောင်းအဆင့်ဆင့် ကွင်းဆက်များ ပြတ်တောက်လျက် ရှိပါသည်။ မလေးရှားနှင့် တောင်ကိုရီးယားမှ စက်ရုံများဆိုပါက ကုန်ကြမ်း ပစ္စည်းများ မရနိုင်တော့ဘဲ ကုန်ထုတ်လုပ်မှု ရပ်တန့်ခြင်း၊ အလုပ်သမားများကို အလုပ်မှ ထုတ်ပယ်ခြင်းတို့ ဖြစ်ပေါ်လာပါသည်။ နယ်စပ်ကုန်သွယ်ရေးမှာလည်း ထိခိုက်ပါသည်။ ဥပမာ မြန်မာ-တရုတ် နယ်စပ် ကုန်သွယ်ရေး ဖြစ်ပါသည်။ ထိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားရှိ ခရီးသွားလုပ်ငန်းများ လည်း ရပ်ဆိုင်းသွားပြီဖြစ်ပါသည်။

တရုတ်နိုင်ငံမှ ဝယ်လက်များ ရုတ်တရက် ပျောက်သွားသဖြင့် ကုန်စည်စျေးကွက် အထိနာပါသည်။ မလေးရှားနှင့် အင်ဒိုနီးရှားကဲ့သို့သော ဆီအုန်းတင်ပို့သည့် နိုင်ငံများ အခက်တွေ့လျက် ရှိပါသည်။ တရုတ် နိုင်ငံ စျေးကွက်ကို အဓိကမှီခိုအားထားရသည့် မွန်ဂိုလီယားကဲ့သို့သော ကုန်စည်တင်ပို့သည့် နိုင်ငံများမှာ ယခုပင် အကြပ်အတည်းကြုံတွေ့နေရပြီဖြစ်ပါသည်။ ရေနံစျေးနှုန်း တည်ငြိမ်ရေးအတွက် ရေနံထုတ်လုပ်မှုကို လျှော့ချရန် ရေနံတင်ပို့ရောင်းချသောနိုင်ငံများအဖွဲ့ (အိုပက်) နှင့် ရုရှားနိုင်ငံတို့ သဘောတူညီမှု မရယူနိုင် သဖြင့် ဆော်ဒီအာရေဗျက ရေနံထုတ်လုပ်မှု မဟာဗျူဟာကို ပြောင်းလဲပြီး စျေးကွက်အတွင်း ရေနံများကို စျေးနှုန်းနိမ့်ဖြင့် အလျှံပယ် တင်ပို့ရောင်းချခဲ့ပါသည်။ ရေနံစျေးနှုန်းများ သမိုင်းတစ်လျှောက် မကြုံဖူးလောက် အောင် စံချိန်တင် ကျဆင်းခဲ့ရပါသည်။ ကာလတိုတွင် စက်မှုလုပ်ငန်းများနှင့် စားသုံးသူများအတွက် အတိုင်းအတာတစ်ခုအထိ သက်သာရာ ရနိုင်သော်လည်း ရေနံစျေးနှုန်း စစ်ပွဲဖြစ်ခြင်း၊ စီးပွားရေး ပျက်ကပ် ဖြစ်မည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းနှင့် ငွေချေးစာချုပ် ဘွန်း (bond) စျေးကွက် ကမောက်ကမ ဖြစ်ခြင်း တို့ကြောင့် အစုရှယ်ယာ (စတော့) စျေးကွက်တွင်လည်း စျေးနှုန်းများ ထိုးစိုက်ကျဆင်းလျက် ရှိပါသည်။ နိုင်ငံကြီးများ၏ ဗဟိုဘဏ်များအားလုံးက ကျယ်ကျယ်ပြန့်ပြန့် ကြားဝင်ထိန်းသိမ်းပေးနေခြင်းကြောင့်

သာ ယခုအထိ စီးပွားရေးပျက်ကပ် မဆိုက်သေးခြင်းဖြစ်ပါသည်။

## စီးပွားရေးတုံ့ပြန်မှု

အချို့နိုင်ငံများ အထူးသဖြင့် ဂျာမနီနိုင်ငံသည် စီးပွားရေးအကြပ်အတည်း ဖြစ်လတ္တံ့အချိန်တွင် ထိခိုက်မှု လျှော့ချရန် ကျယ်ကျယ်ပြန့်ပြန့် အစီအမံအမျိုးမျိုးကို လျင်မြန်စွာ ဆောင်ရွက်ခဲ့ပါသည်။ အမေရိကန် ပြည်ထောင်စုသည် ကနဦးတွင် တုံ့ဆိုင်းနေသော်လည်း ဘက်စုံစီးပွားရေးနှိုးဆွမှု ပြုလုပ်ရန် စီစဉ်လျက် ရှိပါသည်။ မကြုံစဖူး နိုင်ငံသားများထံ တိုက်ရိုက် ငွေသားထောက်ပံ့ခြင်းအပါအဝင်ဖြစ်ပါသည်။ ထိုင်း၊ အိန္ဒိယ၊ အင်ဒိုနီးရှားကဲ့သို့ စီးပွားရေး ထွန်းသစ်စ နိုင်ငံများသည် နှိုးဆွရေး အစီအမံများကို စီစဉ်ဆောင်ရွက် နေပြီဖြစ်ပါသည်။ သို့သော် စီးပွားရေးထွန်းသစ်စနိုင်ငံများနှင့် ဖွံ့ဖြိုးမှု အနည်းပါးဆုံး နိုင်ငံများသည် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၊ ကိုယ်တိုင် လုပ်ငန်းရှင်အဖြစ် လုပ်ကိုင်ကြသော ပရော်ဖက်ရှင်နယ် များနှင့် အလုပ်သမားများအတွက် ပိုမိုချမ်းသာသော နိုင်ငံများကဲ့သို့ လူမှုဖူလုံရေး လွှမ်းခြုံ အစီအမံ အမျိုးအစားများကို ဆောင်ရွက်ပေးနိုင်သည့် ဘဏ္ဍာရေးအနေအထား မရှိကြပါ။

ယင်းအစီအမံများနှင့် လက်ငင်းဆောင်ရွက်ပေးနိုင်ခြေရှိသည့် အခြားအစီအမံများသည် စီးပွားရေး ကျဆင်းမှုကို ရပ်တန့်စေရန် လုံလောက်မှု ရှိမရှိမှာ အကြပ်အတည်းကြောင့် စနစ် ထိခိုက်ပျက်စီးမှု အတိုင်းအတာအပေါ် မူတည်ပါသည်။ ယခင်က ကပ်ရောဂါများဖြစ်ပွားပြီးသောအခါ စီးပွားရေး ခေတ္တမျှ ရုတ်တရက်ကျဆင်းသော်လည်း လျင်မြန်စွာ ပြန်လည်ဖွံ့ဖြိုးလာမြဲဖြစ်ပါသည်။ ကိုရိုနာအကြပ်အတည်းပြီး သောအခါ ဤသို့ဖြစ်မည် မဖြစ်မည်မှာ အကြောင်းအချက်အများအပြားပေါ်တွင် မူတည်ပါသည်။ ကပ်ရောဂါ၏ ကာလကြာရှည်မှုသည်လည်း ယင်းအကြောင်းအချက်များအနက် တစ်ခုအပါအဝင်ဖြစ် ပါသည်။

သို့ရာတွင် ပိုမို၍ စိုးရိမ်ပူပန်သင့်သော ကိစ္စရပ်မှာ ချိနဲ့နေသော ငွေကြေးစနစ်များ အပေါ် ယခုအခါ ရိုက်ခတ်လျက်ရှိသည့် ထိခိုက်မှုများဖြစ်ပါသည်။ စိုးရိမ်ပူပန်ဖွယ်ရာ ကာလရှည် ထိခိုက်မှု အလားအလာများ ပိုမို၍ အရှိန်မြင့်တက်နေပါသည်။ အမေရိကန် လုပ်ငန်းစုများနှင့် အိမ်ထောင်စုများသည် ကြွေးမြီ များပြား လွန်းနေပါသည်။ တရုတ်နိုင်ငံတွင် စည်းမျဉ်းထိန်းချုပ်မှုမှ ကင်းလွတ်နေသောဘဏ်များ၊ အိမ်ခြံမြေ လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများနှင့် ပြည်နယ်အစိုးရများသည် ကြွေးမြီဝန်ထုပ်ဝန်ပိုးအောက်တွင် ရုန်းကန်လျက်ရှိပါသည်။

ဥရောပ ဘဏ်များသည် ယခင် ဘဏ္ဍာရေးအကြပ်အတည်းမှ ပြန်လည်နာလန် မထူသေးပါ။ အီတလီ စီးပွားရေး ပြိုလဲသွားပါက ယူရိုငွေကြေးအကြပ်အတည်း နောက်ထပ်တဖန် ဖြစ်ပေါ်လာနိုင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် အာမခံချက်ရှိသော အစိုးရငွေချေးစာချုပ်များကို အများအပြား ဝယ်ယူနေခြင်းကို ကြည့်ပါက ဖဲချပ်ဖြင့် အိမ်ဆောက်ထားသကဲ့သို့ဖြစ်နေသော ဘဏ္ဍာရေးစနစ် ပြိုလဲသွားမည်ကို အထူး စိုးရိမ်ကြောင့်ကျမှု ရှိနေသည်ဟု သိနိုင်ပါသည်။ ကိုရိုနာ အကြပ်အတည်းမှ အစပြု၍ ကွင်းဆက် တုံ့ပြန်မှုများ ဖြစ်ပေါ်လာပြီးနောက်ဆုံး တစ်ကမ္ဘာလုံး ဘဏ္ဍာရေး အကြပ်အတည်း ဖြစ်လာနိုင်ပါသည်။

၂၀၀၈ခုနှစ် ဘဏ္ဍာရေးအကြပ်အတည်းနှင့် မတူညီသည့်အချက်မှာ ဤတစ်ကြိမ်တွင် ဗဟိုဘဏ်များလည်း မကယ်နိုင်သည့်အနေအထားဖြစ်ပါသည်။ ယနေ့အထိ စီးပွားရေးအင်အားကြီး နိုင်ငံများအားလုံးတွင် အတိုးနှုန်းများမှာ သမိုင်းတစ်လျှောက် အနိမ့်ဆုံးအနေအထားအထိ လျှော့ချထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု၏ ဗဟိုဘဏ် (ဖယ်ဒရယ်ရီဇာ့ဗ်)သည် ငွေသားရှားပါးမှုကို ဖြေရှင်းပြီး ငွေဖော်နိုင်မှု (liquidity) တိုးမြှင့်စေရန် ဈေးကွက်အတွင်း တိုက်ရိုက်ဝင်ရောက်၍ repo transactions ဟုခေါ်သော အစိုးရငွေချေးစာချုပ်များကို ပြန်လည်ရောင်းချပေးရန် သဘောတူညီချက်ဖြင့် ဝယ်ယူလျက် ရှိပါသည်။ ဥရောပဗဟိုဘဏ်အကြီးအကဲအဖြစ် မကြာသေးမီကမှ တာဝန်ယူခဲ့သော Christine Lagarde (ခရစ်စတင်းလာဂါဒ်) သည် အကြပ်အတည်းကို ဥရောပအနေဖြင့် တုံ့ပြန်ရာတွင် ကနဦး၌ ယောင်ဝါးဝါး ဖြစ်နေခဲ့ရာ ယူရိုအုပ်စုတစ်ခုလုံး စုစည်းညီညွတ်မှု ပြိုကွဲသွားနိုင်သည်ဟု ခန့်မှန်းတွေးဆချက်များပင် ပေါ်ပေါက်ခဲ့ပါသည်။ သို့ရာတွင် ညှိနှိုင်းပေါင်းစပ် ကြားဝင်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအင်အားကြီး နိုင်ငံများ၏ ဗဟိုဘဏ်များအားလုံးသည် ယခုအခါ ဈေးကွက်အတွင်း အကြောက်လွန်ခြင်း မဖြစ်စေရန် ဝိုင်းဝန်းရပ်တည်မည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ကျ လက်တွေ့ဆောင်ရွက်ပြသပြီးဖြစ်ပါသည်။ ဤနေရာ၌ အဓိက မေးခွန်းမှာ ကိုရိုနာအကြပ်အတည်းကို ငွေကြေးမူဝါဒနည်းလမ်းများဖြင့် ကျော်လွှား၍ ရနိုင် မရနိုင် မသေချာခြင်းပင်ဖြစ်ပါသည်။ အကြပ်အတည်း၏ သဘောသဘာဝအပေါ် များစွာ မူတည်ပါသည်။

## ဒီမိုကရေစီနိုင်ငံများ အစွမ်းပြရမည့်အချိန်အခါ ရောက်လာခြင်း

အကြပ်အတည်းသည် စီးပွားရေးနယ်ပယ်တစ်ခုတွင်သာ ကန့်သတ်၍ ဖြစ်ပွားနေခြင်း မဟုတ်သောကြောင့် နိုင်ငံသားများ၏ အသက်နှင့် ခန္ဓာကို နိုင်ငံတော်က အကာအကွယ်ပေးနိုင်ကြောင်း လက်တွေ့ပြသနိုင်ရန်လိုအပ်ရခြင်းဖြစ်ပါသည်။ နိုင်ငံသားများ၏ အသက်နှင့် ခန္ဓာကို နိုင်ငံတော်က အကာအကွယ်ပေးနိုင်ခြင်း ရှိမရှိ အစမ်းသပ်ခံနေရသည့် အချိန်ဖြစ်ပါသည်။ စမ်းသပ်မှုကို အောင်မြင်စွာ မဖြတ်သန်းနိုင်လျှင် ဒီမိုကရေစီစနစ်ကြီးတစ်ခုလုံး၏ တရားနည်းလမ်းကျအဖြစ် အများက လက်ခံထားမှု အခြေခံကို ထိခိုက်မည် ဖြစ်ပါသည်။

ဥရောပနှင့် အာရှရှိ အာဏာရှင်အစိုးရများအတွက် အဓိက ပြဿနာမှာ အာဏာရှင်များကို တရားနည်းလမ်းကျအဖြစ် အများက လက်ခံနိုင်မှု ရှိမရှိပင် ဖြစ်ပါသည်။ အာဏာရှင်များသည် 'ပြည်သူလူထုကိုအကာအကွယ်ပေးပါမည်' ဟူသော ကတိကဝတ်ကို ဗဟိုအချက်အချာပြု၍ အာဏာကို ဆုပ်ကိုင်ထားခြင်း ဖြစ်ပါသည်။ တရုတ်သမ္မတရှီကျင့်ဖင်သည် ဤအချက်ကို နားလည်သူဖြစ်ပါသည်။ သို့ဖြစ်၍ မည်သည့် ပေးဆပ်မှုမျိုးကိုမဆို ပေးဆပ်လျက် ဗိုင်းရပ်စ်ပိုး မပြန့်ပွားရေး အလွန်တရာ ပြင်းထန်သော အစီအမံများကို ချမှတ်ကျင့်သုံးပါသည်။ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဘရာဇီး နိုင်ငံများကို အုပ်ချုပ်နေသော အာဏာရှင်များမှာမူ ကပ်ရောဂါထိန်းချုပ်ရေးကို လျှော့တွက်ခဲ့သောကြောင့် ယခုအခါ ၎င်းတို့၏ ဘက်တော်သားများကိုယ်တိုင်က အပြင်းအထန် ဝေဖန်ပြစ်တင်ခြင်းကို ခံနေရပြီဖြစ်ပါသည်။ ဤနေရာ၌ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာလျက် ရယူလိုက်သော အာဏာများသည် အစိုးရကို ဆန့်ကျင်ကန့်ကွက်မှုများအား ဖိနှိပ်ရန်လည်း အသုံးပြုနိုင်သည်ကို သတိပြုရပါမည်။ ယနေ့ ချမှတ်ကျင့်သုံး လိုက်သည့် အလွန်ပြင်းထန်သော အစီအမံများကို အကြပ်အတည်း ကုန်လွန်သွားသောအခါ ပြန်လည်ရုပ်သိမ်းပါမည်ဟု မည်သူက အာမခံနိုင်ပါသနည်း။

အမေရိကန် မဲဆန္ဒရှင်များ၏ အမြင်တွင် သမ္မတဒေါ်နယ်ထရမ့်သည်အမေရိကန်နိုင်ငံကိုပြင်ပခြိမ်းခြောက်မှု အန္တရာယ်များမှ ကာကွယ်ရန် အဓိက ကတိကဝတ်ကို ဖော်ဆောင်နိုင်ခြင်းရှိမရှိ မေးခွန်းသည် အမေရိကန်နိုင်ငံ၏ ရွေးကောက်ပွဲရလဒ်အပေါ် အဆုံးအဖြတ်ပေးနိုင်သည့်အတိုင်းအတာဖြင့် သက်ရောက်မှု ရှိပါမည်။ သမ္မတသည် ကပ်ရောဂါကို ကိုင်တွယ်ပုံ အကြီးအကျယ် လွဲမှားခဲ့သော်လည်း လူထုထင်မြင်ချက် စစ်တမ်းအရ ထောက်ခံမှု မြင့်တက်ခဲ့ပြီး ယခုမှသာ တဖြည်းဖြည်း ကျဆင်းလာသည်ကို တွေ့ရပါသည်။ အကြပ်အတည်းနှင့် ကြုံတွေ့ရချိန်တွင် လူထုသည် ခေါင်းဆောင်ကို ဗဟိုပြု၍ စုစည်းတတ်ကြပါသည်။

နိုင်ငံတကာကပ်ရောဂါကို တစ်ကမ္ဘာလုံးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက် တုံ့ပြန်ရန် လိုအပ်ပါသည်။ သို့သော် ယခုအထိ နိုင်ငံများသည် တစ်နိုင်ငံချင်းအနေဖြင့်သာ တုံ့ပြန်လျက် ရှိပါသည်။

ကိုရိုနာအကြပ်အတည်းကြောင့် အစိုးရဖြစ်နေသော အများကြိုက်ဝါဒီများကို အများမကြိုက်တော့ဘဲ ဖြစ်လာပါသည်။ အတိုက်အခံများအတွက် အခွင့်အလမ်း ဖြစ်လာနိုင်ပါသည်။ နိုင်ငံသားအများ၏ အမြင်တွင် ဒီမိုကရေစီနိုင်ငံများသည် ၂၀၀၈ခုနှစ်နှင့် ၂၀၁၅ခုနှစ် အကြပ်အတည်းများအတွင်း မနိုင်မနင်း မလုပ်တတ် မကိုင်တတ် ဖြစ်ခဲ့ကြပါသည်။ ခြိုးခြံချွေတာရေးမူဝါဒများ ဆယ်စုနှစ်များစွာ ကျင့်သုံးခဲ့ခြင်းနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုစနစ်များကို ထပ်မံလျှော့ချစရာ မကျန်လောက်အောင် အနိမ့်ဆုံးအဆင့်သို့ လျှော့ချ ထားပြီးဖြစ်၍ နိုင်ငံတော်၏ အဖွဲ့အစည်းစနစ်များမှာ အခွံသာလျှင် ကျန်ပါသည်။ နောက်ထပ် အကြပ်အတည်းများ ဖြစ်ပေါ်လာလျှင် မိမိတို့နိုင်ငံများသည် ကြံ့ကြံ့ခံ ဖြေရှင်းနိုင်စွမ်း ရှိမှ ရှိပါတော့မည်လားဟု လူအများက စိုးရိမ်လျက် ရှိပါသည်။ နိုင်ငံအများအပြားတွင် လူထု၏ သဘောထားမှာ ငွေကြေး၊ ကုန်ပစ္စည်းနှင့် လူများ လွတ်လပ်စွာ သွားလာစီးဆင်းခွင့် မပြုလိုတော့ဘဲ ရှိပါသည်။

အီတလီများသည် ကမ္ဘာတစ်ဝန်းလုပ်ငန်းများ ဆက်စပ်ယှက်နွယ်ဆောင်ရွက်ခြင်းနှင့် ယူရိုငွေကြေး သုံးစွဲခြင်းတို့ကြောင့် မိမိတို့မှာ အရှုံးပေါ်ခဲ့သည်ဟု ကာလကြာရှည် စိုးရိမ်ပူပန်မှု ရှိခဲ့ပါသည်။ ယခုအခါ အရေးပေါ် အစီအမံများကို ချမှတ်ကျင့်သုံးနေရပြန်ပါသည်။ စီးပွားရေး ထိခိုက်မှုနှင့် နောက်တစ်ကျော့ ဒုက္ခသည်အကြပ်အတည်းတို့ကိုလည်း များမကြာမီ ကြုံတွေ့ရဖွယ်ရာ ရှိနေပါသည်။ လွှန်ဘာ့ဒ်ပြည်နယ် လက်ယာဝါဒီ အများကြိုက်ဝါဒီ Matteo Salvini (မက်တေအိုဆာဗီနီ) နှင့်တကွ အခြားသူများသည် 'နယ်စပ်များကို ဖွင့်ထားပေးခြင်း၊ နိုင်ငံခြားသားများ ဝင်ရောက်၍ အန္တရာယ်ဖြစ်ခြင်း၊ အထက်တန်းလွှာများ အဂတိလိုက်စား အကျင့်ပျက်ခြင်း၊ နိုင်ငံတော်မှာ အကာအကွယ်မဲ့ဖြစ်နေခြင်း' တို့ကို

ညွှန်းဆိုလျက်အဆိပ်ဖြစ်အောင် ဖော်စပ်တတ်ကြသူများ ဖြစ်ပါသည်။ အနောက်ဥရောပ လစ်ဘရယ်ဒီမိုကရေစီ စနစ်များ စမ်းသပ်စစ်ဆေးခြင်းခံနေရသည်မှာ သံသယ ဖြစ်စရာမလို၊ အမှန်ပင်ဖြစ်ပါသည်။ ဒီမိုကရက်တို့သည် လက်ယာဝါဒီ အများကြိုက်တို့၏ ပုန်ကန်ထကြွမှုနှင့် တစ်ဘက်တွင် ရင်ဆိုင်နေရချိန်တွင် ယခုအခါ နိုင်ငံသားများ အားလုံး၏ အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်စွမ်း ရှိကြောင်းနှင့် ကာကွယ်ပေးမည် ဖြစ်ကြောင်း အလုပ်ဖြင့် သက်သေပြရမည့် အနေအထားသို့ ရောက်ရှိနေပါသည်။

သို့ရာတွင် လူတစ်ဦးချင်းအတွက် လွတ်လပ်ခွင့်များကို မည်သည့်အတိုင်းအတာအထိ ကန့်သတ်နိုင်ပါသနည်း အရေးပေါ်အခြေအနေသည် မည်မျှ ကြာရှည်သင့်ပါသနည်း။ အနောက်တိုင်း လူ့အဖွဲ့အစည်းများ သည် တရုတ်နိုင်ငံတွင် ကျင့်သုံးခဲ့သည့် အလွန်ပြင်းထန်သော ကန့်သတ်ချက်အစီအမံမျိုးကို လက်ခံပါမည်လား။ အရှေ့အာရှသားများကဲ့သို့ လူတစ်ဦးချင်းထက် လူ့အဖွဲ့အစည်းကို ဦးစားပေးသင့်ပါ သလား။ နိုင်ငံသားများသည် 'social distancing' ဟုခေါ်သော ခပ်ခွာခွာနေကြရေး အကြံပြုချက်များကို မလိုက်နာလျှင် ရောဂါပြန့်နှံ့မှုနှုန်း နှေးကွေးစေရန် မည်သို့ပြုလုပ်နိုင်ပါမည်နည်း။ မည်သူနှင့်မျှ မထိတွေ့ဘဲ နေရမည်ဆိုပါက သွေးစည်းညီညွတ်မှု၏ အဓိပ္ပာယ်ကို မည်သို့ ယူဆရပါမည်နည်း။

## နိုင်ငံအားလုံး ကိုယ့်အားကိုယ်ကိုး ဖြစ်နေခြင်း

နိုင်ငံတကာကပ်ရောဂါကို တိုက်ဖျက်ရန် တစ်ကမ္ဘာလုံး ညှိနှိုင်းပေါင်းစပ်လျက် တုံ့ပြန်ဆောင်ရွက်ကြဖို့ လိုအပ်ပါသည်။ သို့သော် ယခုအထိ နိုင်ငံအားလုံးမှာ တစ်နိုင်ငံချင်းသာ တုံ့ပြန်လျက် ရှိပါသည်။ ဥရောပတိုက်အတွင်းမှာပင် စုစည်းညီညွတ်မှု မရှိပါ။ ယူရိုငွေအကြပ်အတည်းနှင့် ဒုက္ခသည်အကြပ်အတည်း များ ဖြစ်ပွားစဉ်က ကဲ့သို့ပင် အီတလီနိုင်ငံသည် အထူးသဖြင့် ဥရောပ မိတ်ဖက်များက ပစ်ထားသည်ဟု ခံစားရလျက် ရှိပါသည်။ ဥရောပ စုစည်းညီညွတ်မှု မရှိခြင်းကို တရုတ်နိုင်ငံက အခွင့်ကောင်း ယူလျက် ၎င်း၏ ရပ်ဝန်းတစ်ခု လမ်းတစ်လမ်း (Belt and Road) မိတ်ဖက်နိုင်ငံဖြစ်သော အီတလီနိုင်ငံသို့ လေယာဉ် တစ်စင်းစာ ဆေးဝါးပစ္စည်းများ ပေးပို့ခဲ့ပါသည် ထိုအတောအတွင်း ဂျာမနီအစိုးရသည် ကိုရိုနာဗိုင်းရပ်နှင့် ဒုက္ခသည်ပြဿနာ ဟူသော နှစ်ထပ်ကွမ်းအကြပ်အတည်း၏ ပထဝီနိုင်ငံရေးအပိုင်းကဏ္ဍကို သိမြင်လာပြီး ပြင်ပအင်အားကြီးနိုင်ငံများက ဥရောပ ကွဲပြားစေရေး ကြိုးပမ်းလာမည်ကို စိုးရိမ်ပူပန်လာပါသည်။ ရောဂါ မကူးစက်စေရေး ကာကွယ်သည့် ပစ္စည်းများ ပြည်ပပို့ခွင့်မပြုရေး တားမြစ်ချက်ကို ပြန်လည်လျှော့ပေးခဲ့ပြီး အီတလီကို နှာခေါင်းစည်း တစ်သန်း အရေးပေါ်အကူအညီပေးမည်ဟု ကတိကဝတ်ပြုခဲ့ပါသည်။ ပို၍ အရေးပါသော လုပ်ဆောင်ချက်မှာ ဥရောပ တည်ငြိမ်မှုစာချုပ်ကို ဆိုင်းငံ့လျက် အီတလီကို စီးပွားရေး မပျက်စီးသွားစေရေး ကယ်ဆယ်နိုင်ရန်အတွက် ဘဏ္ဍာရေး လုပ်သာကိုင်သာရှိစေရန် အသက်ရှူပေါက် ဖန်တီးပေးခြင်း ဖြစ်ပါသည်။ သို့သော် ယဲ့ယဲ့သာကျန်သော စုစည်းညီညွတ်မှု အနေအထားမှာ ဥရောပ၏ အခြေခံအုတ်မြစ်အထိ ယိုင်နဲ့နေပြီဖြစ်ကြောင်း "corona bonds" (ကိုရိုနာငွေချေးစာချုပ်) ဟု သမုတ်ကြ သည့် ယူရိုငွေချေးစာချုပ်များနှင့် စပ်လျဉ်း၍ ဒေါသတကြီး ငြင်းခုန်ကြခြင်းများကိုကြည့်ခြင်းဖြင့် တွေ့မြင်နိုင် ပါသည်။

ဤအကြပ်အတည်းသည် မနိုင်ဝန်ထမ်းနေရသော ပစိဖိတ်ဒေသ မိတ်ဖက်များအဖွဲ့ (transatlantic partner-ship) အတွက် နောက်ထပ် ဒဏ်ခံနိုင်ရည် စမ်းသပ်စစ်ဆေးမှု တစ်မျိုးပင် ဖြစ်ပါသည်။ သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းတို့နှင့် ဆွေးနွေးတိုင်ပင်ခြင်းမပြုဘဲ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပ မဟာမိတ် များ ကင်းကွာစေရန် စီမံလိုက်ခြင်းသည် ရှင်းလင်းသော အချက်ပြမှုပင် ဖြစ်ပါသည်။ ကိုရိုနာကာကွယ်ဆေး ထုတ်လုပ်သည့်အခါ အမေရိကန်ပြည်ထောင်စုအတွက်သာ သီးသန့်အသုံးပြုနိုင်ရေး အတွက် Tubingen ဒေသတွင် အခြေစိုက်သော CureVac ကုမ္ပဏီကို လက်လွှဲဝယ်ယူရေး အမေရိကန် နိုင်ငံ၏ ကြိုးပမ်းမှု ကြောင့် ဂျာမနီအစိုးရနှင့် အပြင်းအထန် အငြင်းပွားမှုပင် ဖြစ်ခဲ့ရပါသည်။ ဤသို့သော အခြေအနေတွင် အကြပ်အတည်းကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက် ပူးတွဲတုံ့ပြန်ရန်မှာ မည်သို့မျှ မျှော်မှန်း၍ မရပါ။ အနောက်တိုင်းနိုင်ငံများတွင် ယခုအထိ အခြေအနေမှာ နိုင်ငံအားလုံး 'ကိုယ့်အတွက်ကိုယ်လုပ်ကြေး' ဖြစ်ပါသည်။

ကမ္ဘာ့အဆင့်တွင် အင်အားကြီးနိုင်ငံများအကြား ပဋိပက္ခသစ်များကြောင့် ပဋိပက္ခမှာ ပိုမို ဆိုးဝါးလာပါသည်။ အထူးသဖြင့် ရေနံဈေးနှုန်းစစ်ပွဲမှာ ပထဝီ စီးပွားရေး အခြေခံပေါ်တွင် ဆင်နွှဲနေခြင်းဖြစ်ပါသည်။ ဆော်ဒီအာရေဗျနှင့် ရုရှားတို့အကြား ပဋိပက္ခကြောင့် OPEC (အိုပက်) အဖွဲ့ ဆက်လက်ရပ်တည်နိုင်မှု နှင့် စပ်လျဉ်း၍ မေးခွန်းများ ပေါ်ပေါက်လာပါသည်။ ရေနံဈေးနှုန်းများ သမိုင်းတစ်လျှောက် မကြုံစဖူး ကျဆင်းခြင်းကြောင့် အကြီးမားဆုံး ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရမည့် အုပ်စုမှာ

နောက်ဆုံးတွင် ကြွေးပိနေသော အမေရိကန်နိုင်ငံ၏ **shale oil** ရှေလ ကျောက်လွှာမှ ရေနံထုတ်သည့် လုပ်ငန်းစုဖြစ်ဖွယ်ရာ ရှိပါသည်။ အမေရိကန်သမ္မတဆိုသကဲ့သို့ ဓာတ်ဆီဆိုင်တွင်ဓာတ်ဆီဈေးသက်သာခြင်း သည် စင်စစ်ကောင်းသည်မကောင်းသည်မှာကာလကြာရှည် သူမသေကိုယ်မသေ အနာခံတိုက်ရသည့် တိုက်ပွဲတွင်မည်သူအကြာရှည်ဆုံး ကြံ့ကြံ့ခံနိုင်မည်ဆိုသည့်အပေါ် မူတည်ပါသည်။ မည်သို့ပင်ဖြစ်စေရုရှားနှင့် ဆော်ဒီအာရေဗျ တို့အတွက် ချေးငွေဖြင့်လည်ပတ်နေသော အမေရိကန်ပြိုင်ဖက်များကို အပြုတ်တိုက်ရေးမှာ အဓိက အကျိုးစီးပွားတစ်ရပ်ဖြစ်ပါသည်။

ရေနံဈေးနှုန်းစစ်ပွဲ၏ ရလဒ်မည်သို့ပင်ဖြစ်စေကာမူ ရေနံဈေးကွက်အတွင်း အင်အားချိန်ခွင်လျှာ ပြောင်းလဲသွားတော့မည်သာ ဖြစ်ပါသည်။ ကမ္ဘာ့ရေနံထုတ်လုပ်မှုအမြင့်ဆုံးရောက်ရှိပြီး ပြန်လည်ကျဆင်းသွားနိုင်ခြေ ကိုဆယ်စုနှစ်များစွာ အခြေအတင်ဆွေးနွေးလျက်ရှိရာ ယခုအခါ စိတ်ဝင်စားဖွယ်ရာ ရှုထောင့်တစ်မျိုး ပေါ်ပေါက်လာပါသည်။ နောက်ဆုံးတွင် ဟိုက်ဒရိုကာဗွန်လောင်စာများ နည်းပါးလာခြင်းကြောင့် မဟုတ်ဘဲ ရေနံဈေးများလုံးဝပြန်မတက်တော့ဘဲ အမြဲတစေ အလွန်နိမ့်ကျခြင်းကြောင့် ကျန်ရှိနေသော ရေနံသိုက် များမှ ရေနံထုတ်လုပ်ရန် စီးပွားရေးအရ တွက်ချေမကိုက်တော့ဘဲ ရေနံလုပ်ငန်းစု ကျဆင်းသွားနိုင်ပါသည်။ ပထဝီ-စီးပွားရေး ပဋိပက္ခကြောင့် မရည်ရွယ်ဘဲ ဟိုက်ဒရိုကာဗွန်လောင်စာခေတ် ကုန်ဆုံးသွားနိုင်ပါ မည်လား။

ဤအကြပ်အတည်းသည် အမေရိကန်နှင့် တရုတ် အကြားဗိုလ်လုပ်လိုခြင်း ပဋိပက္ခကိုလည်း ပိုမိုဆိုးဝါး စေလျက်ရှိပါသည်။ အမေရိကန်အစိုးရအနေဖြင့် ကမ္ဘာကိုလွှမ်းမိုးနိုင်ရေး ပြိုင်ဖက်ဖြစ်သော တရုတ်နိုင်ငံကို ငွေကြေးနှင့်နည်းပညာ ရရှိစေလျက် ပိုမိုအားကောင်းလာခြင်း မဖြစ်စေရန် အမေရိကန်စီးပွားရေးကို တရုတ်စီးပွားရေးနှင့်အဆက်ဖြတ်ရမည်ဟု အမေရိကန် ပါတီကြီး နှစ်ပါတီလုံးက သဘောတူညီမှု ရှိနေပါသည်။ ကမ္ဘာတစ်ဝန်းလုပ်ငန်းများဆောင်ရွက်နေကြသည့် ကုမ္ပဏီများအနေဖြင့် ပစ္စည်းပေးသွင်း သည့် လမ်းကြောင်းအဆင့်ဆင့်ကို နေ့ချင်းညချင်း ပြန်လည်စုစည်းတည်ဆောက်ရန် လိုအပ်ပါမည်။ လက်ငင်းအကြပ်အတည်း ကျော်လွန်သွားသောအခါ ယင်းကုမ္ပဏီများအားလုံး တရုတ်နိုင်ငံသို့ ပြန်လည် သွားရောက် ကြပါမည်လား။ ကုမ္ပဏီအမှုဆောင်များအနေဖြင့် အမေရိကန်အစိုးရ၏ ပထဝီနိုင်ငံရေး ညွှန်ကြားချက်ကို မသိကျိုးကျင်ပြုမည် မပြုမည်ကို အပြန်ပြန်အလှန်လှန် စဉ်းစားရတော့မည်ဖြစ်ပါသည် ဤအခြေအနေမှာ ဗီယက်နမ်နှင့် အိန္ဒိယ ကဲ့သို့သော စီးပွားရေးထွန်းသစ်စနိုင်ငံများအတွက် အခွင့်အလမ်းကြီး တစ်ရပ် ဖြစ်လာနိုင်ပါသည်။

ဥရောပကုမ္ပဏီများသည် တရုတ်နိုင်ငံမှ ပစ္စည်းပေးသွင်းရေး လမ်းကြောင်းအဆင့်ဆင့်အပေါ် မှီခိုအားထားမှုများလွန်းခြင်းကြောင့် ပေးဆပ်ရမည့်အပိုင်းများကို ကောင်းစွာ သိရှိလာပြီးနောက် အကြပ်အတည်းကျော်လွန်သွားသောအခါ မည်ကဲ့သို့ ပြန်လည်ရပ်တည်ကြပါမည်နည်း။ တရုတ်ကုမ္ပဏီ ဟွာဝေးကို ဥရောပ ၏ 5G (ဆက်သွယ်ရေးပဉ္စမမျိုးဆက်) အခြေခံအဆောက်အဦ တိုးချဲ့ရာတွင် ပါဝင်ခွင့်မပြုဘဲ ဖယ်ထုတ် ထားရန်သင့်မသင့် အခြေအတင် ဆွေးနွေးရာတွင် ဥရောပအနေဖြင့် အမေရိကန်ဖိအား မည်သည့် အတိုင်းအတာအထိကြီးမားနိုင်သည်ကို မြီးစမ်းခွင့် ရရှိခဲ့ကြပြီဖြစ်ပါသည် ကိုရိုနာအကြပ်အတည်းကြောင့် ကာလအတန်ကြာဖြစ်ပေါ်နေသော ကမ္ဘာအနှံ့လုပ်ငန်းများ ဆက်စပ်လုပ်ဆောင်ခြင်းကို ဖျက်သိမ်းသည့် (deglobalisation) ဖြစ်စဉ်ကို ပိုမိုမြန်ဆန်လာစေနိုင်ပါသည်။ ရလဒ်အားဖြင့် ကမ္ဘာတစ်ဝန်း လုပ်ငန်းခွဲဝေ လုပ်ဆောင်သည့် အစီအမံများ ပျက်ပြားသွားပြီး အပြိုင်အဆိုင် စီးပွားရေးအုပ်စုများ ပေါ်ပေါက်လာနိုင်ပါသည်။ ကမ္ဘာ့ဒေသ အလိုက် ကြီးစိုးသည့် နိုင်ငံအသီးသီးကို ဗဟိုပြုလျက် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးများ အစုလိုက် အချင်းချင်း ယှဉ်တွဲအသုံးပြု၍ မရသော စံသတ်မှတ်ချက်များ၊ အဆင့်သတ်မှတ်ချက်များ၊ နည်းပညာစနစ်များ၊ ဆက်သွယ်ရေးစနစ်များ၊ သီးခြားဆက်သွယ်ရေး အခြေခံ အဆောက်အဦ များ၊ ဈေးကွက်မဝင်ရောက်နိုင်ရေး အတားအဆီးများ ချမှတ်ကျင့်သုံးလာနိုင်ပါသည်။

ဤသို့ လုပ်ဆောင်လာပါက ကမ္ဘာပေါ်တွင် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်း၍ တက်လှမ်းနေကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် မည်သည့်အခြေအနေသို့ ရောက်ရှိသွားပါမည်နည်း။ စက်မှု ထွန်းကားပြီးနိုင်ငံများကို အမှီလိုက်၍ စက်မှုဖွံ့ဖြိုးရေး လုပ်ဆောင်နိုင်မည့် အခါအခွင့် ကျော်လွန်သွား ပါပြီလား။ ကမ္ဘာအဆင့် တန်ဖိုးမြင့် အမှတ်တံဆိပ် ပစ္စည်းများကို မူရင်းနိုင်ငံ ဈေးကွက်များ အနီးအနား တွင်သာ ထုတ်လုပ်ကြမည်ဆိုပါက ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ ပါကစ္စတန်ကဲ့သို့သော နိုင်ငံများသည် အလုပ်သမား သိန်းပေါင်းများစွာတို့ကို မည်သို့ အလုပ်အကိုင် ပေးနိုင်ပါမည်နည်း။

ကမ္ဘာတစ်ဝန်း တန်ဖိုး ကွင်းဆက်ကို ပထဝီနိုင်ငံရေး အကြောင်းများကြောင့် ဖြတ်တောက်မည်ဆိုပါက ထိုင်းနှင့် မလေးရှား ကဲ့သို့သော ဝင်ငွေအလယ်အလတ်ရှိသည့် နိုင်ငံများသည် ယင်းတန်ဖိုးကွင်းဆက်၏ တန်ဖိုးမြင့်အဆင့်များ သို့ ရောက်ရှိရေး မည်သို့တက်လှမ်းနိုင်ပါမည်နည်း။ မဟာဗျူဟာရွေးချယ်နိုင်မှု မရှိတော့ဘဲ ဒေသအတွင်း ကြီးစိုးသည့် နိုင်ငံကြီး၏ ဖိအားပေးမှုကို ပိုမို၍ မကာကွယ်နိုင်သော အနေအထားသို့ ရောက်ရှိသွားနိုင်ပါသည်။

## ခေတ်သစ်လစ်ဘရယ်ဝါဒ နေ့ချင်းညချင်း အဆုံးသတ်သွားနိုင်ခြင်း

အဖြစ်အပျက်များမှာ ရုတ်ခြည်း အရှိန်အဟုန် မြင့်မားလာပါသည်။ နာရီပိုင်းအတွင်း အလွန်များပြားသော ငွေကြေးပမာဏများကို ဈေးကွက်များအတွင်း သွတ်သွင်းခဲ့ရာ ဒီမိုကရက်ပါတီမှ သမ္မတလောင်း ဖြစ်လိုသူ Bernie Sanders (ဘာနီဆန်းဒါးစ်) ၏ ‘ဆိုရှယ်လစ်ဆန်သော’ ကတိကဝတ်များပင် နှိုင်းယှဉ်ကြည့်ပါက မုန့်ဖိုးပမာဏမျှသာ ရှိပါတော့သည်။ လူငယ်ဆိုရှယ်လစ်ဝါဒီ Kevin Kuhnert ၏အယူအဆ အတွေးအခေါ်ပိုင်း ဆွေးနွေးချက်များကို မနေ့တစ်နေ့ကပင် အသည်းအသန် ဆန့်ကျင်ခဲ့ကြသော ဂျာမန် နိုင်ငံရေးသမားများ သည် ယခုအခါ ကုမ္ပဏီများကို နိုင်ငံပိုင် ပြုလုပ်ရန် အလေးအနက် စဉ်းစားနေကြပါသည်။ လေယာဉ် ပြေးဆွဲမှုများ ရပ်တန့်ခြင်းဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းကို ဖြေရှင်းရေးအကြံအစည်များကို သူငယ်နှပ်စား အကြံအစည်ဟုပယ်ချခဲ့ကြသော်လည်း ယခုအခါ အမှန်တကယ် ကမ္ဘာတစ်ဝန်း လေယာဉ် ပြေးဆွဲမှု ရပ်ဆိုင်းနေပြီဖြစ်ပါသည်။

ဒုက္ခသည်အကြပ်အတည်းဖြစ်စဉ်က ပိတ်၍မရ ဟု ပြောဆိုခဲ့ကြသော နယ်စပ်များမှာ ယခုအခါ အမှန်ပင် ပိတ်ထားရပြီ ဖြစ်ပါသည်။ ဘာဗေးရီးယား ပြည်နယ်၏ ကွန်ဆာဗေးတစ် (ရှေးရိုးထိန်းသိမ်းရေးအယူအဆရှိသူ) အုပ်ချုပ်ရေးမှူး Markus Soder ပင်လျှင် ဂျာမနီလူမျိုးများ၏ အသည်းစွဲဖြစ်သော ဘတ်ဂျက်လိုငွေပပျောက်ရေးကို စွန့်လွှတ်ပြီး ‘စာရင်းကိုင် ကိစ္စများကို လမ်းညွှန်အဖြစ် မခံယူဘဲ ဂျာမနီနိုင်ငံတော်၏ လိုအပ်ချက်များကိုသာ လမ်းညွှန်အဖြစ် ခံယူသွားမည်’ ဟု ကြေညာနေပြီ ဖြစ်ပါသည်။

လူမှုအကျိုးစီးပွားအားလုံးထက် ဈေးကွက်အကျိုးစီးပွားကို ပဓာနထားသော ခေတ်သစ်လစ်ဘရယ်ဝါဒကြီးစိုးသော ခေတ်သည် ကုန်ဆုံးအံ့ဆဲဆဲဖြစ်နေပါပြီ။ အထက်ဖော်ပြပါ အစီအမံများအားလုံးသည် အရေးပေါ် အခြေအနေ ကျင့်သုံးခြင်းများသာ ဖြစ်သည်မှာ မှန်ပါသည်။

သို့သော် နိုင်ငံအသီးသီးမှ နိုင်ငံသား များသည် နောက်တစ်ကြိမ်ထပ်၍ ‘အခြားရွေးချယ်စရာမရှိပါကြောင်း’ ကြားရအခါ ယင်းအစီအမံများပင် ဖြစ်နေကြောင်း အမှတ်ရကြပါလိမ့်မည်။ ဤအကြပ်အတည်းနှင့်အတူ ကာလကြာရှည် ငုပ်လျှိုးနေသော နိုင်ငံရေးနယ်ပယ် နိုးထလာပါသည်။ အစိုးရအဖွဲ့အစည်းများ ကြီးမားကျယ်ပြန့်နေခြင်းသည်မကောင်းမွန် ဟူသော ခေတ်သစ်လစ်ဘရယ် အယူအဆကို ဆယ်စုနှစ်လေးစုမျှ ကျင့်သုံးခဲ့ပြီးနောက် နိုင်ငံများသည် အလိုရှိ၍ ကျင့်သုံးလိုပါက ဖန်တီးဖော်ထုတ်နိုင်သော စွမ်းပကား အလွန်ကြီးမားကြောင်း ကာလကြာရှည် မေ့လျော့နေခဲ့သော အချက်တစ်ချက် ပြန်လည်ထင်ရှားပေါ်လွင်လာပါသည်။

ကိုရိုနာအကြပ်အတည်းသည် မျက်မှောက်ခေတ်၏ ပထဝီနိုင်ငံရေး၊ စီးပွားရေး၊ အယူဝါဒရေးနှင့် ယဉ်ကျေးမှုပြတ်ရွေ့ကြောများကို မီးမောင်းထိုးပြလိုက်ပြီဖြစ်ပါသည်။ ကမ္ဘာ့စနစ်ကြီးအတွင်းမှ ဤအက်ကြောင်းသည်ခေတ်တစ်ခေတ်ကို ပြောင်းလဲစေမည့် အုပ်စုကွဲမှုနိမိတ်ဖြစ်ပါသလား။ အဓိက စီးပွားရေး အုပ်စုကြီးများလက်တွဲဖြုတ်ကြလျက် ကမ္ဘာတစ်ဝန်း လုပ်ငန်းများယှက်နွယ်ဆောင်ရွက်မှု (ဂလိုဘယ်လိုက်ဇေးရှင်း) အလျင်အမြန် တိုးတက်သည့် ခေတ်တစ်ခေတ်ကုန်ဆုံးတော့မည်လား။ ရေနံဈေးနှုန်းစစ်ပွဲများသည်ဟိုက်ဒရိုကာဗွန် လောင်စာသုံး စက်မှုစီးပွားရေးများ နိဂုံးချုပ်တော့မည့် ရှေ့ပြေးနိမိတ် ဖြစ်ပါသလား။ကမ္ဘာ့ငွေကြေးစနစ်သစ်တစ်ခု ပြောင်းလဲဖြစ်ပေါ်နေပြီလား။ ကမ္ဘာ့ငွေကြေးစနစ်ကို အာမခံချက်ပေးသည့် ဦးစီးဦးဆောင် နေရာတွင် အမေရိကန်ပြည်ထောင်စုမရှိတော့ဘဲ တရုတ်နိုင်ငံ ရောက်ရှိလာတော့မည်လား။သို့မဟုတ် အင်အားဝင်ရိုးစွန်းအများရှိသည့် ကမ္ဘာကြီးအဖြစ်သို့ ရုတ်ခြည်းဖောက်ထွက်ပြောင်းလဲမှု ဖြစ်စဉ်ကို ဖြတ်သန်းနေခြင်း ဖြစ်ပါသလား။

ကိုရိုနာဗိုင်းရပ်ကြောင့် ကာလကြာရှည် ဖုံးကွယ်နေခဲ့သော အလားအလာများ မြင်ကွင်းသို့ ရုတ်ခြည်း ထွက်ပေါ်လာနိုင်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဖြစ်ပေါ်ပြောင်းလဲမှုများအားလုံးသည် အလွန်မြန်ဆန်သော နှုန်းထားဖြင့် အပြန်အလှန် ဩဇာသက်ရောက်လျက် ရှိပါသည်။

ဤသို့သော ရှုပ်ထွေးမှုကို ကြည့်ခြင်းဖြင့် ယခု အကြပ်အတည်းသည် ၂၀၀၈ခုနှစ် စီးပွားရေးဆုပ်ကပ်ထက် နက်ရှိုင်းလိမ့်မည်ဟု ယူဆရပါသည်။ ကမ္ဘာ့စနစ်ကြီးတစ်ခုလုံးတွင် ဖြစ်နေသော အကြပ်အတည်းပြဿနာသည် ယမ်းအိုးကြီးနှင့်တူသည်ဟု ဆိုပါကကပ်ရောဂါသည် ထိုယမ်းအိုးကြီး၏ မီးတို့ထားပြီးသော စနက်တံနှင့်တူပါလိမ့်မည်။

## ဟင်းလင်းပွင့်နေသော အနာဂတ်ပြူတင်းပေါက်

ကိုရိုနာအကြပ်အတည်းမှာ ကြီးမားသော လက်တွေ့ကွင်းဆင်း စမ်းသပ်စစ်ဆေးပွဲကြီး ဖြစ်ပါသည်။ သန်းပေါင်းများစွာသော လူသားများသည် နေ့စဉ်ဘဝနေထိုင်မှုနည်းလမ်းသစ်များကို စမ်းသပ်လျက် ရှိပါသည်။ အလုပ်အတွက် ခရီးထွက်မည့်နေရာတွင် ဗီဒီယိုဖြင့် ချိတ်ဆက်၍ အစည်းအဝေးထိုင်လျက် ရှိပါသည်။ တက္ကသိုလ်ဆရာများသည် အင်တာနက်မှတဆင့်ဆွေးနွေးပွဲ (webinar) များ ပြုလုပ်နေကြ ပါသည်။ ဝန်ထမ်းများသည် လုပ်ငန်းခွင်သို့ မသွားရောက်ဘဲ နေအိမ်မှာပင် နေထိုင်၍ အလုပ်လုပ်ကိုင်လျက် ရှိပါသည်။ အကြပ်အတည်းကျော်လွန်သွားသောအခါ ယခင်ပုံစံအတိုင်း ပြန်လည် နေထိုင်အလုပ်လုပ်ကိုင် ကြမည့်သူများ ရှိပါလိမ့်မည်။ သို့သော် နေထိုင်အလုပ်လုပ်ကိုင်ပုံ နည်းလမ်းသစ်သည်အလုပ်ဖြစ်ရုံမျှသာ မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်အတွက်နှင့် မိသားစုအတွက် ပိုမို ကောင်းမွန်ကြောင်း လူအများအပြားသည် ကိုယ်တွေ့ သိရှိသွားပြီ ဖြစ်ပါသည်။ ပြတ်တောက်မှုများ ဖြစ်ပွားပြီး အရာအားလုံး အရှိန်လျှော့ချ ရပ်ဆိုင်းနေသည့် ပစ္စုပ္ပန် အခိုက်အတန့်ကို အမိအရ အသုံးချလျက် ရာသီဥတု ပြောင်းလဲမှုကို တိုက်ဖျက်ရေး အပြုအမူပိုင်း ကာလရှည် အပြောင်းအလဲများ ဖြစ်ပေါ်လာစေရန် လုပ်ဆောင်ရပါမည်။

ဗြိတိသျှ သတင်းထောက် Jeremy Warner (ဂျေရမီ ဝါနာ) က အကြပ်အတည်းအပေါ် ခေတ်သစ် လစ်ဘရယ် အမြင်ကို အဆိုးမြင်ပုံစံဖြင့် အကျဉ်းချုပ် ဖော်ပြပုံမှာ 'လုံးဝဘက်မလိုက်သည့် စီးပွားရေး ရှုထောင့်မှ ကြည့်လျှင် ကိုဗစ်-၁၉ သည် သက်ကြီးရွယ်အို မှီခိုများကို အချိုးအစားများပြားစွာ ဖယ်ရှား ပေးခြင်းဖြစ်၍ ကာလရှည်တွင် အကျိုးကျေးဇူးဘက်မှ အနည်းငယ် အလေးသာလောက်ပါသည်' ဟူ၍ ဖြစ်ပါသည်။(သူ့စကားအတိုင်း ဖော်ပြပါသည်။) နိုင်ငံအသီးသီး၏ အစိုးရများသည် စုစည်းညီညွတ်မှု မရှိကြသော်လည်း ပြည်သူလူထုမှာ ရပ်ကွက်များ၊ လုပ်ငန်းခွင်များ၊ မိတ်ဆွေသူငယ်ချင်း အသိုင်းအဝိုင်း များတွင် စုစည်းညီညွတ်မှု ဆထက်ထမ်းပိုး တိုးမြင့်လျက် ရှိပါသည်။ အရင်းရှင်ယန္တရားကြီးကို ရပ်ဆိုင်းပြီး သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများကို အကာအကွယ်ပေးသည်မှာ မည်သည့်အချိန်က ကြုံတွေ့ ဖူးပါသနည်း။ လူ့အဖွဲ့အစည်း တစ်ရပ်လုံးကို ပိုမို၍ စည်းလုံးညီညွတ်စေရန် ဤစုစည်းညီညွတ်မှုအတွေ့အကြုံအပေါ် ဆက်လက်တည်ဆောက်လျက် လုပ်ဆောင်နိုင်ပါသည်။ အကြပ်အတည်းကို အတူတကွ ကျော်လွှားနိုင်ပါက စုစည်းညီညွတ်သော အသိုက်အဝန်းသည် မည်သည့် စိန်ခေါ်မှု အခက်အခဲကို မဆို ရင်ဆိုင်ဖြေရှင်းနိုင်သည်ဟု ခေတ်သစ်၏ အာရုဏ်ဦးတွင် သင်္ကေတ တစ်ရပ်ကို ဖန်တီးခြင်းဖြစ်ပါသည်။

သို့ရာတွင် အကြပ်အတည်းကို တုံ့ပြန်ရာ၌ အန္တရာယ်များနှင့်လည်း ကြုံတွေ့ရပါမည်။ ကမ္ဘာတစ်ဝန်း နယ်စပ်များ ပိတ်ထားခြင်း၊ ပြည်ဝင်ခွင့်ဗီဇာများကို ပယ်ဖျက်ခြင်း၊ နိုင်ငံခြားသားများကို ဝင်ခွင့်ပိတ်ပင် တားမြစ်ခြင်းများ ဖြစ်ပွားနေပါသည်။ စက်မှုလုပ်ငန်းသုံး စက်ရုပ်အမှာစာများ စံချိန်တင်များပြားနေသည်ကို ကြည့်ခြင်းဖြင့် ထုတ်လုပ်မှု လမ်းကြောင်း အဆင့်ဆင့်တွင် အလိုအလျောက်စနစ် ပိုမိုသုံးစွဲလာပြီး ပြတ်တောက်မှုမဖြစ်ဘဲ ပိုမိုခံနိုင်ရည်ရှိစေရန် လုပ်ဆောင်လာကြသည်ကိုတွေ့ရပါသည်။ ဒစ်ဂျစ်တယ် အလိုအလျောက်စနစ်များ သုံးစွဲခြင်းဖြင့် ကမ္ဘာတစ်ဝန်း ပစ္စည်းပေးသွင်းသည့် လမ်းကြောင်း အဆင့်ဆင့်တွင် အသစ်ပေါ်ပေါက်လာသော နေရာများကို ရယူနိုင်ရေး စီးပွားရေးထွန်းသစ်စ နိုင်ငံများ၏ မျှော်လင့်ချက်များ ပျက်သုဉ်းသွားနိုင်ပါသည်။ ယနေ့ပင်လျှင် အိန္ဒိယ သို့မဟုတ် ဗီယက်နမ်ရှိ ကမ္ဘာတစ်ဝန်း လုပ်ငန်း ဆောင်ရွက်နေသော လုပ်ငန်းများ၏ စက်ရုံများတွင် စက်ရုပ်များအသုံးပြုနေပြီဖြစ်ပါသည်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်သော လုပ်ငန်းများက ပစ္စည်းပေးသွင်းသည့် လမ်းကြောင်း များပြားစေရန် ကြိုးပမ်းခြင်းသည် စီးပွားရေးကြီးထွားမှုကို မောင်းနှင်ပေးမည်ဖြစ်သော်လည်း အလုပ်လက်မဲ့ ဖြစ်မှုလည်း တိုးပွားလာနိုင်ပါသည်။

အနောက်နိုင်ငံများတွင် ယင်း အလားအလာများကြောင့် အလုပ်လက်မဲ့ဖြစ်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း မဝင်ဆံ့တော့ဘဲ ဖယ်ထုတ်ခံရမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်း၊ အခြားဒေသများမှ ပြောင်းရွှေ့ဝင်ရောက် လာကြသူများကို ညှိုးခြင်း၊ အခြေတကျဖြစ်နေသော လစ်ဘရယ်စနစ်ကို နိုင်ငံရေးပုန်ကန်မှုများ ဖြစ်ပွားခြင်း တို့ ဆက်တိုက် မြင့်တက်လာမည့် အခြေအနေရှိပါသည်။

'ကိုရိုနာဗိုင်းရပ်စ် အကြပ်အတည်းသည် ဌာနေနိုင်ငံသား အမျိုးသားရေးဝါဒီများနှင့် ပြည်ပသွင်းကုန်များကို အခွန်ကောက်ခံခြင်းဖြင့် ပြည်တွင်းလုပ်ငန်းစုများကို အကာအကွယ်ပေးရေးဝါဒသမားများ အတွက် နိုင်ငံရေး လက်ဆောင်ဖြစ်ကြောင်း၊ အကြပ်အတည်းကြောင့် နိုင်ငံခြားသားများသည် ခြိမ်းခြောက်မှုအန္တရာယ်ဖြစ်သည်ဟု ရှုမြင်မှုများ မြင့်တက်လာကြောင်း၊နိုင်ငံများသည် အကြပ်အတည်းနှင့် ကြုံလာချိန်တွင်အိမ်နီးချင်း နိုင်ငံများနှင့် မဟာမိတ်အရင်းအချာများကို အမြဲတစေ အားကိုး၍ ရမည်မဟုတ်ကြောင်း' လစ်ဘရယ် ဘောဂဗေဒပညာရှင် Philippe Legrain (ဖီလိပ်လေဂဟန်) ၏သတိပေးချက်မှာ မှန်ကန်ပါသည်။ အကြပ်အတည်းကိုအဓိပ္ပာယ်ကောက်ယူသည့် အခွင့်အရေးကို လက်ယာဝါဒီ အမျိုးကြိုက်ဝါဒီများ လက်သို့ ဝ ကွက် မအပ်သင့်ပါ။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် စိန်ခေါ်မှုအခက်အခဲများကို တစ်နိုင်ငံချင်း သီးခြားစီ တစ်ကိုယ်ကောင်း အဖြေရှာ၍ မရပါ။ စုစည်းညီညွတ်သော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ဖြေရှင်းနိုင်ပါမည်။ ၂၀၀၈ခုနှစ် အခြေအနေနှင့် ကွာခြားသည်မှာ တိုးတက်ရေးဘက်မှ ရပ်တည်သူများသည် လက်ငင်းဖြစ်ရပ်များကို အဓိပ္ပာယ် ကောက်ယူခြင်းနှင့် မည်သို့ လုပ်ဆောင်ရမည်ကို ဖော်ထုတ်ခြင်းတို့တွင် တစ်ကြိမ်ထပ်မံ၍ အရှုံးမခံနိုင်တော့ပါ။ လာမည့် ရက်သတ္တပတ်များတွင် ကမ္ဘာ့စနစ်သစ်အတွက် အခြေခံကို ချမှတ်ရပါမည်။ ကမ္ဘာ့စနစ်သစ်မည်သို့ ဖြစ်သင့်ကြောင်း အခြေအတင် ဆွေးနွေးပွဲများကို မိမိတို့က ပုံဖော်နိုင်သည့် အနေအထား ရရှိရန် လုပ်ဆောင်ရပါမည်။

## အင်အားပိုမို ကောင်းမွန်သော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာနိုင်ခြင်း

လူအများ အထူးသဖြင့် လူငယ်များသည် တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေ ကြေညာခြင်းကို ပထမဆုံး ကြုံတွေ့ဖူးခြင်းဖြစ်ပါသည်။ စိတ်ကူး၍ပင် မရနိုင်ခဲ့သည့် အတိုင်းအတာဖြင့် လွတ်လပ်ခွင့်များကို ရက်အနည်းငယ်အတွင်းမှာပင် လျှော့ချကန့်သတ်ခြင်းခံရပါသည်။ တရုတ်နိုင်ငံတွင်သာမက ဥရောပတိုက် အလယ်ပိုင်းတွင်ပါ နည်းပညာများကို ကျယ်ပြန့်စွာ အသုံးချလျက် နိုင်ငံသားများ၏ အပြုအမူများကို စောင့်ကြည့် ထိန်းချုပ်လျက် ရှိနေပါသည်။ 'အကြမ်းဖက်မှုတိုက်ဖျက်ရေး' ဆောင်ရွက်ခဲ့စဉ်က ရရှိခဲ့သည့် သင်ခန်းစာအတိုင်း ဆိုလျှင် ယခု ပြဌာန်းလိုက်သော အရေးပေါ် စည်းမျဉ်း အများအပြားသည် အကြပ်အတည်း ကျော်လွန်သွားသည့်နောက်ပိုင်းတွင် ဆက်လက်၍ အတည်ဖြစ်နေပါမည်။ Giorgio Agamben (ဂျော်ဂျီယိုအာဂမ်ဘန်) နှင့် Naomi Klein (နာအိုမီကလိုင်း) တို့က အရေးပေါ် အခြေအနေကို ပုံမှန်အဖြစ် အသုံးပြုခြင်း၏ နောက်ကွယ်၌ လူအများက ကပ်ဆိုက်အရင်းရှင်စနစ်ကို လွယ်လင့်တကူ လက်ခံလာစေရေးဟူသည့် ထုတ်ဖော်ကြေညာခြင်းမရှိသော လုပ်ငန်းစဉ် ရှိနေနိုင်သည်ဟု ဆိုပါသည်။ ယင်းသို့ လျှို့ဝှက်လုပ်ငန်းစဉ်ရှိလိမ့်မည်ဟု တစ်ထစ်ချ မဆိုနိုင်သော်လည်း အခြေခံအခွင့်အရေးများ ထာဝရ ယိုယွင်းပျက်စီးမသွားစေရန် တားဆီးရပါမည်။ အာရှနိုင်ငံများတွင် လွန်ခဲ့သော ၁၀ နှစ်အတွင်း အာဏာရှင်စနစ် ပြန်လည်နေရာယူလာခြင်းနှင့် ဆက်စပ်လိုက်ပါက ယင်းအလားအလာများမှာ ပိုမို၍ စိုးရိမ်ဖွယ်ရာ ဖြစ်ပါသည်။

နိုင်ငံတော်အာဏာကို စွဲကိုင်ကျင့်သုံးသူများသည် နိုင်ငံတော်အာဏာစွဲကိုင်ကျင့်သုံးမှုအတွက်တာဝန်ယူရမည်ဟု ပြည်သူလူထုက ယူဆခြင်းသည် မှန်ကန်ကြောင်း၊ 'အာဏာစွဲကိုင်ကျင့်သုံးပြီး မည်သည့်တို့ကို ဆောင်ရွက်ပေးနိုင်ကြောင်း ပြည်သူလူထုကို လက်တွေ့ဆောင်ရွက်ပြရမည်ဖြစ်ကြောင်း၊ ဥရောပအတွက် စိန်ခေါ်မှုမှာ တရုတ်နိုင်ငံက လုပ်ဆောင်ခဲ့သည်များကို ပိုမို၍ ထင်သာမြင်သာရှိပြီး ဒီမိုကရေစီနည်းကျသော နည်းလမ်းဖြင့် လုပ်ဆောင်နိုင်သည်ဟု အလုပ်ဖြင့် သက်သေပြရန်ဖြစ်ကြောင်း' Slavoj Zizek ၏ သတိပေးချက်မှာ လွန်စွာ တိကျမှန်ကန်ပါသည်။ အရှေ့အာရှ ဒီမိုကရေစီ နိုင်ငံများဖြစ်သော တောင်ကိုရီးယား၊ တိုင်ဝမ်နှင့် ဂျပန်တို့သည် နိုင်ငံသားလွတ်လပ်ခွင့်များကို အလွန်အကျွံ ကန့်သတ်ခြင်း မပြုဘဲ ယင်းလုပ်ဆောင်ချက်များကို မည်သို့ လုပ်ဆောင်နိုင်ကြောင်း ယခုအချိန်အထိ ပိုင်နိုင်စွာ လက်တွေ့ ပြသလျက် ရှိပါသည်။ အလွန်ပြင်းထန်သော တရုတ်နိုင်ငံ၏ နည်းလမ်းနှင့် နှိုင်းစာလျှင် ၎င်းတို့၏ ချဉ်းကပ်ပုံသည် အနောက်တိုင်း ဒီမိုကရေစီစနစ်နှင့် ပိုမိုလျော်ညီသည်ဟု ယူဆရပါသည်။ မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီနိုင်ငံတော်အနေဖြင့် အကြပ်အတည်းကို အောင်မြင်စွာ စီမံခန့်ခွဲနိုင်ပါက ဒီမိုကရေစီနိုင်ငံတော် အပေါ်ယုံကြည်မှုအားကောင်းလာနိုင်ပါသည်။ အကြပ်အတည်းနှင့် ကြုံတွေ့ချိန်တွင် ပြည်သူလူထုသည် လုပ်ငန်းကျွမ်းကျင်သော၊ အပင်ပန်းခံသော၊ အကာအကွယ်ပေးသော အစိုးရကို ဝန်းရံ၍ စုစည်းလာတတ် ကြပါသည်။

နှစ်ပေါင်းများစွာ ခြိုးခြံချွေတာရေး အစီအစဉ်များ ကျင့်သုံးလျက် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု စနစ်များကို ထပ်မံလျှော့ချ၍ မရနိုင်တော့သည့် အနိမ့်ဆုံး

အခြေအနေသို့ ဖြတ်တောက်လျှော့ချပြီး ဖြစ်ပါသည်။ ယခုအခါ ယင်းစနစ်ဖြင့် နာမကျန်းသူ ပြည်သူလူထု အများအပြားကို ကုသပေးနိုင်ရန် တတ်အားသရွေ့ ကြိုးပမ်းရပါမည်။ မြို့နယ်အဆင့် ဆေးပေးခန်းများ ပိတ်သိမ်းခြင်း၊ သူနာပြုများ ကာလရှည် မလုံမလောက် ဖြစ်နေခြင်း၊ နည်းပညာပိုင်းပစ္စည်းကိရိယာများ စိတ်မကောင်းစရာ အခြေအနေ ဖြစ်နေခြင်းများအတွက် ယခု ပေးဆပ်နေရပြီ ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် ပုဂ္ဂလိဆေးခန်းများက ကပ်ရောဂါ တိုက်ဖျက်ရေးတွင် ပါဝင်ခြင်း မပြုနိုင်ဟု ကာလကြာရှည် ငြင်းဆန်ခဲ့ကြပါသည်။ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုကို ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းအား ဖျက်သိမ်းရန် တောင်းဆိုချက်များကို ယခုအခါ ပြည်သူလူထုက တခဲနက် ထောက်ခံလာကြပါသည်။ စပိန်နိုင်ငံသည် အကြပ်အတည်းဖြစ်ပွားလာစဉ် ပုဂ္ဂလိကဆေးခန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုများအားလုံးကို အလျှင်အမြန် နိုင်ငံပိုင်သတ်မှတ် ခဲ့ပါသည်။ ပြင်သစ် သမ္မတကလည်း ခေတ်သစ်လစ်ဘရယ်ဝါဒအတိုင်း ပုဂ္ဂလိကပိုင် ပြုလုပ်ခဲ့ခြင်းများသည် အမြော်အမြင်ရှိမရှိ ထုတ်ဖော် မေးခွန်းထုတ်လျက် လမ်းကြောင်းပြောင်းလဲရန် ကတိကဝတ်ပြုထားပါသည်။ ဂျာမနီနိုင်ငံတွင် လည်း လူမှုဘဝကို ဈေးကွက်ဖြင့် အဆုံးဖြတ်ခံခြင်းသည် စင်စစ်လျော်ကန်မှု ရှိမရှိ အခြေအတင် စတင် ဆွေးနွေးနေကြပြီ ဖြစ်ပါသည်။ နောင်အခါတွင် အများပြည်သူ ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရာ၌ စီးပွားရေးသမားတစ်ဦးချင်း၏ အမြတ်အစွန်းရလိုမှုကို အခြေမခံဘဲ ပြည်သူလူထုတစ်ရပ်လုံး ဘုံတူညီသော ကောင်းကျိုးချမ်းသာဖြစ်စေရေးကို ဇဟိုပြုရပါမည်။

အများပြည်သူဝန်ဆောင်မှုများ ပြန်လည်တည်ဆောက်ရေးအတွက် ငွေဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံရန်လိုအပ်ပါမည်။ ဝန်ကြီးချုပ်အိန်ဂျယ်လာမာကယ်က နိုင်ငံတော်၏ ကြွေးမြီပမာဏကို ကန့်သတ်သောဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်သည် ယခုကဲ့သို့ ချွင်းချက်ပြုရမည့် အခြေအနေတွင် အကျုံး မဝင်ကြောင်း၊ ‘နှစ်ကုန်သောအခါ ဘတ်ဂျက်လက်ကျန် မည်သို့ရှိမည်ကို ပြဿနာလုပ်စရာ မလိုပါကြောင်း’ မိန့်ကြားခဲ့ပါသည်။ လက်ရှိအခြေအနေတွင် ဂျာမနီအစိုးရသည် သမိုင်းတစ်လျှောက် မကြုံဖူးသေးသော စီးပွားရေးကယ်ဆယ်ရေး အစီအမံများကို လုပ်ဆောင်လျက်ရှိပါသည်။ ပိုင်ရှင်ကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းငယ်များနှင့် အလွတ်ဝန်ဆောင်မှုပေးသောပရော်ဖက်ရှင်နယ်များမှအစပြု၍ ကုမ္ပဏီကြီးများအထိ ပါဝင်ပါသည်။ ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီး Scholz (ရှို့ဇ်) က ‘လုပ်ပေးနိုင်တာအားလုံး လုပ်ပေးသွားမည်’ ဟု ကတိပြုပြောကြားပါသည်။ ပြည်ထောင်စုစီးပွားရေးဝန်ကြီး Altmaier (အော်မေယာ) က စုစုပေါင်း ယူရိုငွေ ဘီလီယံ ၅၀၀ ပမာဏရှိသော အာမခံချက်ပေးရေး မူဘောင်မှာ ကနဦး ဆောင်ရွက် ပေးခြင်းသာဖြစ်ကြောင်း ပြောကြားပါသည်။

သို့ဖြင့် အကြပ်အတည်းကြုံရချိန်တွင် အားလုံး ဂျွန်မေနတ်ကိန်းစ်၏ အယူအဆများကို လက်ခံကျင့်သုံးသူ (Keynesian) များချည်း ဖြစ်သွားကြပါသည်။ ၂၀၀၈ခုနှစ် စီးပွားရေး ပျက်ကပ်နှင့် မတူညီဘဲ အကြပ်အတည်းကျော်လွန်သွားသည့်အခါ ခြိုးခြံချွေတာရေး ပြန်လည်လုပ်ဆောင်၍ မရပါ။ ခြိုးခြံချွေတာရေး မူဝါဒများကို ဆယ်စုနှစ်များစွာ ကျင့်သုံးခဲ့ပြီးနောက် ကျန်းမာရေးနှင့်ပညာရေး၊ ဒေသန္တရအစိုးရ၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အဦ၊ ဂျာမန်တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့မှာဝန်ဆောင်မှုများ ယိုယွင်းလျက် ခန်းခြောက်နေပြီဖြစ်ပါသည်။ ထိန်းချုပ်မှု ဆုံးရှုံးသွားနိုင်ဟု ကျယ်ကျယ်ပြန့်ပြန့် စိုးရိမ်ကြောက်ရွံ့ နေကြခြင်းကို တုံ့ပြန်ဖြေရှင်းရန်၊ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံးကိုဒစ်ဂျစ်တယ် တော်လှန်ရေး အတွက် အသင့် ပြင်ဆင်ရန်နှင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် သမိုင်းတွင်လောက်သည့် အတိုင်းအတာဖြင့် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ပါသည်။

သို့သော် ထိုသို့ ဖြစ်လာရန် အလားအလာနည်းပါးနေပါသေးသည်။ ၂၀၀၈ခုနှစ် ဘဏ္ဍာရေး အကြပ်အတည်းပြီးနောက် ခြိုးခြံချွေတာရေးအစီအမံများကို တင်းကြပ်စွာ ကျင့်သုံးခြင်းဖြင့် ကယ်ဆယ်ရေး အစီအမံများအတွက် အလွန်များပြားသော ကုန်ကျစရိတ်များကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ကျခံခဲ့ရပါသည်။ဘဏ်များက အခွန်ထမ်းများ၏ ငွေကို ယူ၍ ၎င်းတို့၏ ဈေးကွက်ဝေစုခိုင်မာစေရန် တည်ဆောက်ခဲ့ကြ ပါသည်။ ရလဒ်မှာ လူ့အဖွဲ့အစည်း၏ အပေါ်ဆုံးအလွှာ၌ လုပ်ပိုင်ခွင့်အာဏာနှင့် အရင်းအမြစ်များ စုစည်းမှု အရှိန်အဟုန် မြင့်တက်လာခဲ့ပါသည်။

အနောက်တိုင်း ဒီမိုကရေစီနိုင်ငံများနှင့် လူ့အဖွဲ့အစည်းများသာမက စီးပွားရေးတွင် ငွေကြေးကဏ္ဍ အဓိကမဟုတ်ဘဲ ကုန်ပစ္စည်းများ နှင့် ဝန်ဆောင်မှုများကို အဓိကထားသော နိုင်ငံများပင်လျှင် နောက်ထပ် ဆယ်စုနှစ်တစ်စု ခြိုးခြံချွေတာရေး ကျင့်သုံးခြင်းကို ခံနိုင်ရည်ရှိမည်မဟုတ်ပါ။ အကြပ်အတည်းနှင့် အကြပ်အတည်းကြောင့်

ဖြစ်လာမည့် စီးပွားရေး ထိခိုက်မှုကို ရင်ဆိုင်ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများကို မျက်နှာလွဲ ခဲပစ် လုပ်၍ မရပါ။ ဖွံ့ဖြိုးဆဲနိုင်ငံများ ပြန်လည်ထူထောင်ရန် အကူအညီပေးခြင်းဖြင့် ဥရောပနိုင်ငံများလည်း အကျိုးစီးပွား ဖြစ်ထွန်းမည်သာ ဖြစ်ပါသည်။ အနည်းဆုံးအားဖြင့် ဒုက္ခသည် အကြပ်အတည်း နောက်တစ်ကြိမ် မဖြစ်ပွားစေရန် ရှောင်လွှဲနိုင်ပါမည်။ နောက်ဆုံးအနေဖြင့် အရေးကြီးသောအချက်မှာ ကမ္ဘာကြီးသည်လည်း နောက်ထပ် ခြိုးခြံချွေတာခြင်းကို ခံနိုင်ရည် ရှိမည်မဟုတ်ပါ။ ကမ္ဘာတစ်ဝန်း ပူနွေးလာခြင်းကြောင့် ထိခိုက်မှုများ နည်းပါးသက်သာစေရန်လိုအပ်သည့် လူမှု ဂေဟစနစ် အသွင်ကူးပြောင်းရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ယခုပင် ပြုလုပ်ရန် လိုအပ်ပါသည်။ ကိုရိုနာ အကြပ်အတည်းကြောင့် ဘေးရောက်သွား၍ မဖြစ်ပါ။ အားလုံး အတူတကွ ဖြေရှင်းရမည့် ကိစ္စဖြစ်ပါသည်။

## ဆိုရှယ်ဒီမိုကရေစီ (လူမှုအဓိကဒီမိုကရေစီစနစ်) သည် အကြပ်အတည်းမှ ထွက်ပေါက်ဖြစ်နိုင်ခြင်း

ကမ္ဘာတစ်ဝန်းအကြပ်အတည်းဖြစ်ခြင်းကြောင့် အလွန်အမင်း ဂလိုဘယ်လိုက်ဇေးရှင်း (ကမ္ဘာတစ်ဝန်း လုပ်ငန်းများ ယှက်နွယ်ဆောင်ရွက်ခြင်း) ကြောင့် မည်မျှ အန္တရာယ်ကျရောက်လွယ်သည်ကို သိမြင်နားလည်မှု မြင့်တက်လာပါသည်။ တစ်ကမ္ဘာလုံး ကွန်ရက်ဆက်သွယ်ထားသည့် အခြေအနေတွင် ကပ်ရောဂါများသည် အလျင်အမြန် နိုင်ငံနယ်စပ်များကို ဖြတ်ကျော်၍ ကူးစက်သွားနိုင်ပါသည်။ အမှန်တကယ်လည်း ကူးစက်လျက် ရှိပါသည်။ ကမ္ဘာတစ်ဝန်း ပစ္စည်းပေးပို့သည့် လမ်းကြောင်း အဆင့်ဆင့်မှာ လည်း လွယ်လင့်တကူ ပြတ်တောက်သွားနိုင်ပါသည်။ ငွေကြေးဈေးကွက်များသည်လည်း ခံနိုင်ရည် မရှိပါ။ လက်ယာဝါဒီ အမျိုးကြိုက်ဝါဒီများက နယ်စပ်များကို ပိတ်၍ ကမ္ဘာနှင့် မဆက်စပ်တော့ဘဲ သီးခြားနေလိုကြပါသည်။ သို့သော် ယင်းသို့ ပြုလုပ်ခြင်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာရှိသည့် စိန်ခေါ်မှုများ ဖြစ်သော ကပ်ရောဂါများ၊ စစ်ပွဲများ၊ ရွှေ့ပြောင်းသွားလာနေထိုင်မှု၊ ကုန်သွယ်ရေးနှင့် ရာသီဥတု ပြောင်းလဲမှုများကို ဖြေရှင်းနိုင်မည့် အဖြေမှန်မဟုတ်ပါ။ စင်စစ် ယင်းအကြပ်အတည်းများ၏ အရင်းအမြစ် အကြောင်းကို ရှာဖွေပြီး ဖြေရှင်းရန် ရည်ရွယ်ချက်ထားရှိသင့်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကမ္ဘာ့စီးပွားရေးကို ပိုမို၍ ခံနိုင်ရည်ရှိသော အခြေခံအုတ်မြစ်အပေါ်တွင် တည်ဆောက်ရပါမည်။

ကိုရိုနာ အကြပ်အတည်းနှောင်းပိုင်း ကာလသို့ရောက်ရှိလာသည်နှင့်အမျှ ကမ္ဘာတစ်ဝန်း ပစ္စည်းပေးပို့သည့် လမ်းကြောင်းအဆင့်ဆင့်ကို ပြန်လည်စုစည်း တည်ဆောက်နေပြီဖြစ်ပါသည်။ ပစ္စည်းပေးပို့သည့် လမ်းကြောင်း အဆင့်ဆင့် တိုတောင်းပါက ပိုမို၍ တည်ငြိမ်မှုရှိပါမည်။ ဥပမာ အမေရိကန်စက်ရုံများကိုမက်ဆီကိုတွင် ထားရှိပြီး ဥရောပစက်ရုံများကို အရှေ့ဥရောပတွင် ထားရှိခြင်းဖြစ်ပါသည်။ နည်းပညာအပိုင်း တွင် ဥရောပသည် ဥရောပအတွင်းမှာပင် ဖူလုံရန် ပြန်လည် လုပ်ဆောင်ရပါမည်။ ယင်းသို့ လုပ်ဆောင်နိုင်ရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမို၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ကမ္ဘာ့ငွေကြေးစနစ်မှာ ယခုအခါ အစည်းမပြေရန် တိပ်ဖြင့်ကပ်ထားသကဲ့သို့ ဖြစ်နေပြီး အဆောတလျင် စနစ် ပြန်လည် တည်ဆောက်ရန် လိုအပ်ပါသည်။ ဗဟိုဘဏ်များသည် ငွေကြေး ကြုံ့မှု အလားအလာများကို ငွေကြေးမူဝါဒများ ချမှတ်လျက် ရင်ဆိုင်တိုက်ပွဲဝင်နေသည်မှာ ဆယ်စုနှစ်တစ်ခုကျော်လွန်ခဲ့သော်လည်း မဖြေရှင်းနိုင်သည်ကို တွေ့ရပါသည်။ အခွန်လျှော့ချပြီး တစ်ချိန်တည်းမှာ အစိုးရအသုံးစရိတ် တိုးမြှင့်သည့် ဘဏ္ဍာရေးမူဝါဒကျင့်သုံးသော အစိုးရများသည် အကြပ်အတည်းဖြစ်ချိန်တွင် နောက်တွန့်လျက် ရှိကြပါသည်။ နိုင်ငံရေးအရ လွှတ်တော်စနစ် ဝန်ကြီးချုပ်စနစ်၏ အခြေခံအုတ်မြစ် ကြောင်းကျိုးဆက်စပ် ကျင့်သုံးပုံဖြစ်သည့် ‘ကိုယ်စားပြုမှု မရှိဘဲ အခွန်မပေးဆောင်နိုင်’ ဟူသော မူကို ပြန်လည် စွဲကိုင်လာခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ငွေကြေးစနစ်များကို ဒီမိုကရေစီနည်းကျ ထိန်းချုပ်မှုအောက်တွင် ပြန်လည် ထားရှိရန်ဖြစ်ပါသည်။

အပြန်အလှန် မှီခိုမှုများလွန်းလျှင် ပဋိပက္ခဖြစ်တတ်ပါသည်။ ယင်းပဋိပက္ခများကြောင့် ထိခိုက်မှု သက်သာစေရန် နိုင်ငံတကာ စံနှုန်းများ၊ နိုင်ငံအများပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု အစီအမံများ လိုအပ်ပါသည်။ သို့ရာတွင် ၂၀၀၈ခုနှစ် ဘဏ္ဍာရေးအကြပ်အတည်းနှင့် မတူညီဘဲ ဤ အကြပ်အတည်း ကို စီးပွားရေးအကြီးမားဆုံး နိုင်ငံကြီး ၂၀ က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက် တုံ့ပြန်မှု မရှိပါ။ အင်အားကြီး နိုင်ငံများ၏ ပထဝီနိုင်ငံရေး အနိုင်လုမှုကတစ်ဘက်၊ လက်ယာဝါဒီ အမျိုးကြိုက်ဝါဒီတို့၏ သီးခြားခွဲနေရေး ဆော်သြမှုများကတစ်ဘက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို အဟန့်အတား ပြုနေပါသည်။ နိုင်ငံအများ ပါဝင်သော အုပ်ချုပ်မှုအစီအမံအတွက် လက်ရှိတည်ရှိနေပြီဖြစ်သော အစိတ်အပိုင်းများကို လက်တွေ့ အခိုင်အမာ တိုးချဲ့ဖြည့်စွက် အားဖြည့်ရန် လိုအပ်ပါသည်။ ကနဦးအနေဖြင့် ကမ္ဘာ့ကျန်းမာရေး

အဖွဲ့ (WHO) ကို ရန်ပုံငွေ အလုံအလောက် ထည့်ဝင် ဖြည့်ဆည်းပေးခြင်း၊ စီးပွားရေးအကြီးမားဆုံး နိုင်ငံကြီး ၂၀ (G20) အစည်းအဝေး ပြုလုပ်၍ စီးပွားရေးအကြပ် အတည်းကို စီမံခန့်ခွဲရန် ကြိုးပမ်းခြင်းများ လုပ်ဆောင် နိုင်ပါသည်။ ဤနေရာတွင် နိုင်ငံအများပူးပေါင်း ပါဝင်ဆောင်ရွက်ရေး ဝါဒသမားများ မဟာမိတ်အဖွဲ့သည် တန်ဖိုးပေါင်းထည့်ပေးနိုင်ကြောင်း လက်တွေ့ပြသနိုင်ပါ မည်။

အကြပ်အတည်းဖြစ်ပွားပြီးနောက် လက်ရှိအခြေအနေ အတိုင်း ဆက်လက်နေထိုင် လုပ်ကိုင်သွားရန် မဖြစ် နိုင်တော့ကြောင်း ပြည်သူလူထုအနေဖြင့် ရှင်းလင်းစွာ သိမြင်နေပြီ ဖြစ်ပါသည်။ စီးပွားရေးနှင့် လူမှုဘဝကို အခြေခံ ကျကျ ပြန်လည်ဖွဲ့စည်းရန်လည်း များစွာဆန္ဒ ရှိနေကြပါသည်။ တစ်ချိန်တည်းမှာပင် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်များကို အလွန်အမင်း ကန့်သတ်လျှော့ချ ခြင်းမပြုဘဲ လူ့အဖွဲ့အစည်းများကို ပျက်သုဉ်းစေနိုင် သည့် အန္တရာယ်များကို ရှင်းလင်းဖယ်ရှားရပါမည်။ ဤသို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သော လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် အလျှော့ပေး ညှိနှိုင်းဖြေရှင်းချက်များ ရရှိရန် မည်သည့် နိုင်ငံရေး အင်အားသည် ညှိနှိုင်းဆွေးနွေးပေးနိုင်ပါမည်နည်း။ အမေ ရိကန်နိုင်ငံရေးသိပ္ပံပညာရှင် Sheri Berman (ရှယ်ရီဘား မင်း) က စိုးရိမ်ပူပန်စွာဖြင့် မေးမြန်းထားသော မေးခွန်း မှာ 'ဆိုရှယ်ဒီမိုကရက်များ (လူမှုအဓိက ဒီမိုကရေစီ ဘက်တော်သားများ) သည် ကမ္ဘာကြီးကို တစ်ကြိမ်ထပ်မံ ၍ ကယ်တင်နိုင်ပါမည်လား' ဟူ၍ ဖြစ်ပါသည်။ အားလုံး ဝိုင်းဝန်း၍ ကြိုးပမ်းကြပါစို့။